# ရခိုင်ပြည်နယ်ရှိ ကလေးသူငယ်များအတွက် ပညာရေးစီမံကိန်း

ဇန်နဝါရီ - ဇွန် ၂၀၁၅

စာစောင်အမှတ်စဉ် ၀၁/၂၀၁၅

လူသရမ်ဂေါလ်ဖက်ဒရေးရှင်းမှ သုံးလတစ်ကြိမ် ထုတ်ဝေသောစာစောင် - ဥရောပသမဂ္ဂ ပညာရေးစီမံကိန်းမှ မြန်မာနိုင်ငံအတွက် ထောက်ပံ့ပေးသော ပညာရေးစီမံကိန်း


## လူသရမ်ဂေါလ်ဖက်ဒရေးရှင်းမြန်မာမှ ကြီးမှူးသည့် ရခိုင်ပြည်နယ်ရှိ ကလေးများအတွက် ပညာရေးဆိုင်ရာ အထောက်အပံ့များပေးခြင်း စီမံကိန်း ဖွင့်ပွဲအခမ်းအနားကျင်းပ

လူသရမ်ဂေါလ်ဖက်ဒရေးရှင်း မြန်မာအဖွဲ့သည် ရခိုင်ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော နိုင်ငံတကာလူမှုရေး အဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ(၄)ရက်နေ့တွင် ဥရောပသမဂ္ဂ၏ ရခိုင်



၂၀၁၅ခုနှစ်၊ဖေဖော်ဝါရီလ(၄)ရက်နေ့တွင်ကျင်းပသော ဥရောပသမဂ္ဂ(EU) ပညာရေးဆိုင်ရာအထောက်ပံ့ပေးခြင်းစီမံကိန်းဖွင့်ပွဲအခမ်းအနား

ပြည်နယ်ရှိ ကလေးများအတွက် ပညာရေးဆိုင်ရာ ထောက်ပံ့ခြင်း စီမံကိန်းဖွင့်ပွဲအခမ်းအနားကို စစ်တွေမြို့တွင် ကျင်းပခဲ့ပါသည်။ ဖွင့်ပွဲအခမ်းအနားကို လူသရမ်ဂေါလ်ဖက်ဒရေးရှင်း မြန်မာအနေဖြင့် စီမံကိန်းလုပ်ငန်းစဉ်များ၊ စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်မည့် အစီအစဉ်များအား စီမံကိန်းနှင့် ဆက်နွယ်ပတ်သက်သူများနှင့် မိမိတို့၏ မိတ်ဖက်အဖွဲ့အစည်းများအကြား ပွင့်လင်းမြင်သာမှုရှိစေရေး၊ စီမံကိန်းအပေါ် တာဝန်ခံမှုရှိစေရေးစသည့် အကြောင်းအရာများအား အချင်းချင်း အသိပေးနိုင်ရန် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

အဆိုပါအခမ်းအနားသို့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ပြည်နယ်ဝန်ကြီးချုပ်၊ လူမှုရေးဝန်ကြီးနှင့်တကွ တစ်ခြားဌာနဆိုင်ရာ အကြီးအကဲများ၊ ဒေသခံမီဒီယာခြောက်ခုမှ မီဒီယာသမားများ၊ သံဃာတော်များ၊ စစ်တွေ၊ ပေါက်တော၊ မြောက်ဦးနှင့် အမ်းမြို့နယ်တို့မှ မြို့နယ်ပညာရေးမှူးများ၊ မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂ သံအမတ်ကြီး၊ ဥရောပကော်မရှင်၏ လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ပေးမှုဌာန (ECHO)မှ မြန်မာနိုင်ငံဆိုင်ရာ တာဝန်ခံ၊ သက်ဆိုင်ရာပြည်တွင်း/ပြည်ပ UN/INGOများမှ ဝန်ထမ်းများ၊ ဒေသခံလူမှုအသင်းအဖွဲ့များမှ တာဝန်ခံများနှင့် မြို့မိမြို့ဖများ တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းမှ ရခိုင်ပြည်နယ်၏ ပညာရေးအခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကလေးသူငယ်များ၏ အခြေအနေများနှင့် ပတ်သက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပြီး၊ တက်ရောက်လာကြသော ပညာရေးဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများအား ရခိုင်ပြည်နယ်အတွင်းရှိ ကလေးသူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားခဲ့ပါသည်။ ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီး Mr.Roland Kobia မှ ရခိုင်ပြည်နယ်၏ ပညာရေး ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် မိမိတို့အနေဖြင့် ရခိုင်ပြည်နယ် အစိုးရအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်နေမှုများအား အလေးထားပြောကြားသွားခဲ့ပါသည်။

ဤစီမံကိန်းအား အဓိကအားဖြင့် ဥရောပသမဂ္ဂ (EU)မှ ရံပုံငွေမတည်ပေးပြီး၊ Church of Sweden(CoS) တို့မှ ပူးတွဲ ရံပုံငွေထောက်ပံ့ပေးကာ LWF အဖွဲ့မှ ရခိုင်ပြည်နယ် ပညာရေးဦးစီးဌာန နှင့်တကွ သက်ဆိုင်ရာမြို့နယ် ပညာရေးတာဝန်ခံများနှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပါသည်။

## ဂါရင့်သင်တန်းဆရာများမှ သင်ကြားမှုနည်းစနစ်များနှင့် သင်ခန်းစာစီမံခန့်ခွဲမှုဆိုင်ရာသင်တန်းပေး

ဥရောပသမဂ္ဂ (EU)မှ ရံပုံငွေမတည်ပေးမှုဖြင့်၊ လူသရမ်ဂေါလ်ဖက်ဒရေးရှင်း(LWF) မြန်မာအဖွဲ့သည် ၂၀၁၅ခုနှစ်၊မေလအတွင်း ရခိုင်ပြည်နယ်ရှိ စစ်တွေ၊ ပေါက်တော၊ မြောက်ဦးနှင့် အမ်းမြို့နယ်တို့မှ အစိုးရဆရာ၊ဆရာမများအား သင်ကြားမှုနည်းစနစ်များ၊ သင်ခန်းစာ စီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းအား (၅) ရက်ကြာကြာ သင်တန်းပို့ချပေးခဲ့ပါသည်။

ဤသင်တန်းကာလအတွင်း စုစုပေါင်းသင်တန်းသူ/သား ၈၄ ဦး (မ ၆၄ ဦး) တို့အား၊ ရန်ကုန်အခြေစိုက် မြန်မာနိုင်ငံစာတတ်မြောက်ရေးအဖွဲ့(MLRC)မှ သင်တန်းဆရာများက သင်တန်းများ ပို့ချခဲ့ခြင်းဖြစ်ပါသည်။



Church of Sweden

THE LUTHERAN WORLD FEDERATION
actalliance

ဤစီမံကိန်းကို ဥရောပသမဂ္ဂ(EU)မှထောက်ပံ့ရံပုံငွေမတည်ပေးပြီး Church of Sweden(Cos) မှပူးတွဲထောက်ပံ့သည်။ လူသရမ်ဂေါလ်ဖက်ဒရေးရှင်းမြန်မာ(LWF) မှအကောင်အထည်ဖော်ဆောင်ရွက်သည်။

ဤစာစောင်တွင်ဖော်ပြချက်များသည် ဥရောပသမဂ္ဂ၏ အာဘော်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။



ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ဆင်ကူးလမ်းရပ်ကွက်၊ အမှတ်(၆) အခြေခံပညာ အလယ်တန်းကျောင်းတွင် ပြုလုပ်နေသော သင်ကြားမှုနည်းစနစ်များနှင့်သင်ခန်းစာစီမံခန့်ခွဲမှုသင်တန်း

ယခု လူသရမ်ဝေါလ်ဖက်ဒရေးရှင်းမြန်မာ (LWF) အဖွဲ့မှ ပြုလုပ်ခဲ့သော သင်တန်းသည် အစိုးရဆရာ၊ ဆရာမများအနေဖြင့်၊ သင်ကြားမှုနည်းစနစ်များ၊ သင်ခန်းစာများသင်ကြားမှုဆိုင်ရာ စနစ်တကျ စီမံခန့်ခွဲရေးနှင့် ပတ်သက်၍ ပိုမိုသိရှိနားလည်လာစေရန်နှင့် သင်ကြားပြသမှုများအား ပိုမိုထိရောက်လာစေရန်ရည်ရွယ်၍ ပြုလုပ်သော မွမ်းမံသင်တန်းအမျိုးအစား ဖြစ်ပါသည်။

သင်တန်းသားများအနေဖြင့် သူတို့၏ ဆရာလုပ်သက်တစ်လျှောက်တွင် ဆရာအတတ်သင် သင်တန်းတက်ရောက်ပြီးနောက် ယခုကဲ့သို့ မွမ်းမံသင်တန်းမျိုးရရန် အလွန်ခဲယဉ်းပါသည်။ သို့ဖြစ်၍ ဆရာ၊ဆရာမများအတွက် သင်ပြမှု စွမ်းရည်တိုးတက်ကျွမ်းကျင်စေမည့် အရည်အသွေးမြင့် သင်တန်းများပို့ချရန် အလွန်လိုအပ်လျက်ရှိပါသည်။

## ဥရောပသမဂ္ဂ ထောက်ပံ့ပေးမှုဆိုင်ရာ စီမံကိန်း စာချုပ်ပါ စည်းမျဉ်းစည်းကမ်းများ လိုက်နာကျင့်သုံးရေး အလုပ်ရုံဆွေးနွေးပွဲ

လူသရမ်ဝေါလ်ဖက်ဒရေးရှင်းအဖွဲ့၏ ဂျီနီဗာရုံးချုပ်မှ ကွန်မှာလုံးဆိုင်ရာ ရံပုံငွေရှာဖွေရေး အရာရှိဖြစ်သူ Mr. Allan Jesen သည် ရခိုင်ပြည်နယ်စီမံကိန်းရုံးမှ ဝန်ထမ်းများအတွက် ၂၀၁၅ ခုနှစ် မတ်လ ၁၇ မှ ၁၉ ရက်နေ့အထိ ဥရောပသမဂ္ဂ ထောက်ပံ့ပေးမှုဆိုင်ရာ စီမံကိန်းစာချုပ်ပါ စည်းကမ်းများ လိုက်နာကျင့်သုံးရေး အလုပ်ရုံဆွေးနွေးပွဲအား ကျင်းပပြုလုပ်ခဲ့ ပါသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲ၌ အဓိကအားဖြင့် စီမံကိန်းများအကောင်အထည်ဖော်ရာတွင် အလှူရှင်အဖွဲ့အစည်း၏ စည်းမျဉ်းစည်းကမ်းအတိုင်း လိုက်နာကျင့်သုံးနိုင်ရေး၊ ကုန်ကျသင့်သော အသုံးစရိတ်များအတွက်သာ သုံးစွဲစေရေး၊ စီမံကိန်းရသုံးငွေများအား သင့်တင့်လျောက်ပတ်စွာ စီမံခန့်ခွဲစေရေး၊ မှန်ကန်သော အစီရင်ခံစာများ ရေးသားတင်သွင်းနိုင်ရေး၊ စီမံကိန်းဆိုင်ရာ အချက်အလက်ပါ စာရွက်စာ တမ်းများအား စနစ်တကျ သိမ်းဆည်းထားရှိရေး၊ အသုံးစရိတ်များအား စိစစ်နိုင်ရန် ကြိုတင်စီမံထားရှိရေး၊ ဥရောပသမဂ္ဂ၏ အထောက်အပံ့ပေးမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများအား နားလည်သိရှိရေးနှင့် ဥရောပသမဂ္ဂ အထောက်ပံ့ပေးမှုဆိုင်ရာ စာချုပ်ပါ အချက်အလက်များအား သိလိုလျှင် မေးမြန်းတတ်ရန်နှင့် သတင်းအချက်အလက်များ တောင်းခံတတ်စေရန် ရည်ရွယ်ကျင်းပခဲ့ခြင်း ဖြစ်ပါသည်။



၂၀၁၅ခုနှစ်၊မတ်လ(၁၈)ရက်နေ့တွင် ကျင်းပသောအလုပ်ရုံဆွေးနွေးပွဲတွင် ကျသင့်ငွေအကြောင်းရှင်းပြနေသော LWF ဂျီနီဗာရုံးချုပ်၏ ကွန်မှာလုံးဆိုင်ရာရံပုံငွေရှာဖွေရေးအရာရှိအားမြင်တွေ့ရစဉ်

၄င်းအလုပ်ရုံဆွေးနွေးပွဲတွင် စီမံချက်တာဝန်ခံနှင့် စီမံကိန်းမန်နေဂျာအပါအဝင် စီမံနှင့်ဘဏ္ဍာရေး၊ ထောက်ပံ့ပို့ဆောင်ရေးနှင့် ဝယ်ယူစုဆောင်းရေးဌါနများမှ အရာရှိများနှင့်တကွ အခြားဌါနများမှ စုစုပေါင်းဝန်ထမ်း ၁၈ဦး(မ ၇ဦး) တက်ရောက်ခဲ့ပါသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို တက်ရောက်လာကြသူများအနေဖြင့် အကြောင်းအရာ တစ်ခုချင်းစီအလိုက် စုပေါင်းဆွေးနွေးခြင်း၊ အချင်းချင်း ဝေဖန်သုံးသပ် ဆွေးနွေးကြခြင်း၊

အကြောင်းအရာများ၏ ဆိုလိုရင်း သဘောသဘာဝများအား အချင်းချင်း ခန့်မှန်းသုံးသပ်ကြခြင်းစသည့် အပြန်အလှန်ပူးပေါင်း ပါဝင်သည့် နည်းလမ်းဖြင့် ဆောင်ရွက်ခဲ့ပါသည်။ ဤအလုပ်ရုံဆွေးနွေးပွဲမှ ဆွေးနွေးချက်ရလဒ်များသည် တက်ရောက်သူများအား အဓိကသိသင့်သိထိုက်သော အချက်အလက်များဖြစ်သည့် စာချုပ်များပြင်ဆင်ခြင်း၊ ငွေကြေးဆိုင်ရာ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ၊ အစီရင်ခံစာတင်သွင်းရေးနှင့် ငွေပေးချေရေး၊ ပြန်ကြားဆက်သွယ်ရေးနှင့် စီမံကိန်းကို အများပြည်သူသိရှိစေရန် ဆောင်ရွက်မှုများ၊ နောက်ဆုံးလက်ကျန် ထောက်ပံ့ကြေးငွေအား တောင်းခံရရှိရေး၊ လိုအပ်သည့် အချက်အလက်များပါ စာရွက်စာတမ်းများ တင်ပြနိုင်ရေးတို့ကို နားလည်ရန် အထောက်အကူ ဖြစ်စေခဲ့ပါသည်။

## ဘဝတွက်တာကျွမ်းကျင်စရာသင်တန်းကြောင့် အရွယ်ရောက်ခါစ လူငယ်များ အကျင့်စာရိတ္တ ပိုမိုကောင်းမွန်လာ

အသက် ၂၂နှစ်ရှိသူ မစောသန္တာခိုင်သည် မြန်မာစာပထမနှစ်



ကျောင်းပြင်ပပညာရေးသင်တန်းဆရာမ
မစောသန္တာခိုင်

ကျောင်းသူတစ်ဦးဖြစ်ပြီး၊ LWFအဖွဲ့မှ EU Children of Peace Initiative (EUCoPI) ဥရောပသမဂ္ဂ ကလေးများအတွက် ငြိမ်းချမ်းရေးအစပျိုးစီမံကိန်း၏ အထောက်အပံ့ဖြင့် စစ်တွေမြို့နယ်၊ ဆတ်ရိုးကျ အကွက် (၂) စခန်းတွင် အခြေခံအရေး၊ အဖတ် ၊ အတွက်အချက်သင်တန်းအား စတင်ဖွင့်လှစ်ခဲ့သည့် အချိန်မှစ၍ ကျောင်းပြင်ပပညာရေး သင်တန်းဆရာမအဖြစ် တစ်နှစ်ကျော် တာဝန်ထမ်းဆောင်လာခဲ့သူ တစ်ဦး ဖြစ်ပါသည်။ အခြေခံ အရေး၊ အဖတ်၊ အတွက်အချက် သင်တန်းပြီးဆုံးခဲ့ပြီးနောက်၊ EU ၏ရံပုံငွေဖြင့် ဆက်လက်၍ ဖွင့်လှစ်သော Extended and Continuous Education Learning (EXCEL) စဉ်ဆက်မပြတ် တိုးချဲ့ပညာသင်ယူခြင်း သင်တန်းအား အသက်(၁၁)နှစ်မှ (၁၇)နှစ်အရွယ် ကလေးများအား ဘဝတွက်တာကျွမ်းကျင်စရာ သင်တန်းအား ပို့ချပေးလျက် ရှိပါသည်။ သင်တန်းပို့ချစဉ် ကာလအတွင်း မစောသန္တာခိုင်က ကျောင်းသူကျောင်းသားများ၏ အကျင့်စာရိတ္တ ပြောင်းလဲတိုးတက်လာမှုနှင့် ပတ်သက်၍ "ကျွန်မ အနေနဲ့ *သတိထားမိတာတစ်ခုက ဒီစဉ်ဆက်မပြတ် တိုးချဲ့ပညာသင်ယူခြင်း (EXCEL) သင်တန်းတက်ပြီးတဲ့ နောက်ပိုင်းမှာ ကျွန်မရဲ့ ကျောင်းသူ၊ ကျောင်းသားလေးတွေ တစ်ဖြေးဖြေးနဲ့ သူတို့အကျင့်စာရိတ္တနဲ့ အပြုအမူပိုင်းတွေ ပိုပြီးတော့ တိုးတက်ကောင်းမွန်လာကြတာကို တွေ့ရပါတယ်။*

*အထူးသဖြင့် ကျွန်မရဲ့ကျောင်းသူလေးတစ်ယောက်ဟာဆိုရင် ဒီသင်တန်းကို စတက်တုန်းက ဆရာ၊ ဆရာမတွေနဲ့ လူကြီးတွေအပေါ် ဆက်ဆံပုံတွေဟာ တော်တော်လေးကို အဆင်မပြေခဲ့ဘူး။ ဒါပေမဲ့ သင်တန်းကို စတက်ပြီးတဲ့ နောက်ပိုင်း သင်တန်းမှာ ပို့ချတဲ့ ကိုယ်ချင်းစာနာတတ်ခြင်းနဲ့ အပြန်အလှန်ပေါင်းသင်းဆက်ဆံရေးဆိုင်ရာ သင်ခန်းစာတွေကို သင်ယူလေ့လာပြီးခဲ့တဲ့ နောက်ပိုင်းမှာဆိုရင် သူမရဲ့ အပြုအမူပိုင်းတွေဟာ ပြောင်းလဲ တိုးတက်လာခဲ့တာကို တွေ့ရပါတယ်။ သူမဟာ အရင်နဲ့မတူတော့ဘဲနဲ့ အတိုင်းအတာ တစ်ခုထိ ပိုပြီးတော့ လိမ္မာရေးခြားရှိလာပြီးတော့ သူမရဲ့ ဆရာ၊ ဆရာမနဲ့ လူကြီးတွေအပေါ် ဆက်ဆံပုံတွေ၊ အပေါင်းအသင်းတွေ၊ အိမ်နီးနားချင်းတွေနဲ့ ဆက်ဆံပုံတွေပါ ပိုပြီးတော့ တိုးတက်လာပြီး သဟဇာတဖြစ်လာတာကို တွေ့ရပါတယ်။"* ဟုပြောကြားခဲ့ပါတယ်။

ဘဝတွက်တာကျွမ်းကျင်စရာ သင်တန်းဆိုသည်မှာ မိမိကိုယ်ကို နားလည်ခြင်း၊ ဘဝ၏မျှော်မှန်းချက်၊ ဘဝတွင် အရေးကြီးဆုံးသောအရာ၊ ဆယ်ကျော်သက်အရွယ် ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ပြောင်းလဲမှုများ၊ လူမှုအသိုက်အဝိုင်းရှိ အန္တရာယ်ဖြစ်စေသော အကြောင်းအရာများကို ခွဲခြမ်းစိတ်ဖြာခြင်း၊ မူးယစ်ဆေးဝါး အလွဲသုံးစားမှု၊ ကာကွယ်စောင့်ရှောက်ရေးနှင့် မိမိကိုယ်ကို လုံခြုံမှုရှိစေရေး မိတ်ဆွေအပေါင်းအသင်းများ၊ ကိုယ်ချင်းစာနာ



Church of Sweden

THE LUTHERAN WORLD FEDERATION actalliance

ဤစီမံကိန်းကို ဥရောပသမဂ္ဂ(EU)မှထောက်ပံ့ရံပုံငွေမတည်ပေးပြီး Church of Sweden(Cos) မှပူးတွဲထောက်ပံ့သည်။ လူသရမ်ဂေါလ်ဖက်ဒရေးရှင်းမြန်မာ(LWF) မှအကောင်အထည်ဖော်ဆောင်ရွက်သည်။

ဤစာစောင်တွင်ဖော်ပြချက်များသည် ဥရောပသမဂ္ဂ၏ အာဘော်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။




**စစ်တွေမြို့၊ ဆတ်ရိုးကျစခန်းရှိဘ၀တွက်တာကျွမ်းကျင်စရာသင်တန်း**

တတ်မှု၊ HIV ပိုးကြောင့် ဖြစ်ပေါ်တတ်သော ရောဂါများ ကူးစက်ပျံ့နှံ့မှု၊ အပြုသဘောဆောင် တွေးခေါ်တတ်မှုစသည့် အကြောင်းအရာများအား သင်ကြားပို့ချခြင်း ဖြစ်ပါသည်။

ထို့ပြင် မစောသန္တာခိုင်က " *ဒီသင်တန်းကို အဓိကအားဖြင့် အသက် (၁၁)နှစ် မှ (၁၇)နှစ်အရွယ် လူငယ်များအတွက် ရည်ရွယ် ပို့ချခြင်းဖြစ်ပြီး ကျောင်းသားကျောင်းသူတွေအနေနဲ့ HIV ပိုး ကြောင့် ဖြစ်ပေါ်သော ရောဂါများ ကူးစက်ပျံ့နှံ့မှုနဲ့ လူကုန်ကူးခြင်း အကြောင်းအရာများအပေါ် စိတ်ဝင်တစား ရှိကြတာကို တွေ့ရပါတယ်။ ကျွန်မအနေနဲ့ပြောရရင် သင်တန်း သားတွေဟာ အသိလိမ္မာတွေ ပိုမိုရလာပါတယ်။ သင့်လျော်တဲ့ အရွယ်မှာ မှန်ကန်တဲ့ပညာရေးနဲ့ သိသင့်သိထိုက်တဲ့ အကြောင်းအရာတွေကို သင်ယူဆည်းပူးလာနိုင်ကြတာကို တွေ့ရပါတယ်။*" ဟု ဆက်လက်ပြောကြားခဲ့ပါတယ်။ LWF အဖွဲ့သည် ၂၀၁၄ ခုနှစ်မှ စတင်ကာ ECHO ၏ ထောက်ပံ့ ရံပုံငွေဖြင့် ကလေးများ အတွက် ငြိမ်းချမ်းရေးအစပျိုးစီမံကိန်း၊ (EUCoPI) နှင့် ဥရောပသမဂ္ဂ(EU)၏ အထောက်အပံ့ဖြင့် စစ်တွေမြို့နယ်အတွင်းရှိ ကလေးသူငယ်များအား အခြေခံ အရေး၊ အဖတ်၊ အတွက်အချက် သင်တန်းများပေးပြီး ကျောင်း ပြင်ပ ကလေးသူငယ်များအတွက် စဉ်ဆက်မပြတ် တိုးချဲ့ပညာ သင်ယူခြင်း သင်တန်းအား ပို့ချပေးလျက်ရှိပါသည်။

## LWFမှ စီစဉ်ဆောင်ရွက်တဲ့ သင်တန်းကြောင့် သင်ပြမှုစနစ်များ ပိုမိုထိရောက်လာ

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ဆင်ကူးလမ်းရပ်ကွက်၊ အမှတ်(၆) အခြေခံပညာအလယ်တန်း ကျောင်း၌(၂၈)နှစ်ကြာတာဝန် ထမ်းဆောင်လျက်ရှိ သော အသက်(၄၆) နှစ်အရွယ် ဆရာမ ဒေါ်အေးသန်းနက "LWFမှ ပို့ချတဲ့ သင်ကြားမှု နည်းစနစ်များ၊ သင်ခန်းစာစီမံခန့်ခွဲမှု ဆိုင်ရာ သင်တန်းကို တက်ရောက် ပြီးတဲ့ နောက် ပိုင်းမှာ ကျွန်မရဲ့ ကျောင်းသား တွေကို သင်ကြားတဲ့ စနစ်တွေဟာ ပိုပြီးတော့မှပဲ ထိရောက်မှု ရှိလာခဲ့ပါတယ်။ *"ဒီသင်တန်းကို တက်ရောက်ပြီးခဲ့တဲ့ အချိန်ကစပြီး တော့ ကျွန်မရဲ့ မိရိုးဖလာ သင်ကြားမှုစနစ်ဖြစ်တဲ့ (ဆရာဗဟို ပြုစနစ်)ကို စတင်ပြောင်းလဲ ဖြစ်ခဲ့ပါတယ်။ သင်ခန်းစာတစ်ခု ကို သင်ပြနေတဲ့အချိန်မှာ ကျောင်းသား၊ ကျောင်းသူတွေနဲ့အတူ အပြန်အလှန် မေးခွန်းတွေမေးပြီး တော့မှ သင်ပြပေးတာဟာ သူတို့ရဲ့ သင်ခန်းစာ အပေါ်မှာ စိတ်ဝင်စားမှုကို ပိုမိုမြင့် တက်စေပါတယ်။ အခုဆိုရင် ကျွန်မရဲ့ ကျောင်းသား၊ ကျောင်း သူတွေထဲက သုံးပုံနှစ်ပုံလောက်ဟာ ကျွန်မ သင်ခန်းစာနဲ့ ပတ်သက်လို့ မေးလိုက်တာနဲ့ အရင်က ထက် ပိုပြီးတော့မှဘဲ မြန်မြန်ဆန်ဆန် တုန့်ပြန်ဖြေဆိုလာနိုင် ကြတာကို တွေ့နေရ ပါတယ်။"* ဟုပြောကြားခဲ့ပါတယ်။ *ဆက်လက်၍ သူမက "ကျွန်မ ဒီသင်တန်းကို မတက်ခင်တုန်း ကဆိုရင် အဖြေစုံစာအုပ်တွေကို ကိုးကားပြီးတော့ သင်ပြခဲ့ရ တယ်။ ဒါပေမဲ့ အခုတော့ ကျွန်မ အဲဒီစာအုပ်တွေကို လုံးဝမသုံး တော့ပါဘူး။ မေးခွန်းတစ်ခုစီအတွက် မှန်ကန်တဲ့ အဖြေကို ကိုယ်တိုင်စဉ်းစားပြီးတော့မှ ရအောင်ရှာတယ်။ ပြီးတော့မှ ကျွန်မရဲ့ တပည့်လေးတွေကို သင်ပြတယ်။ ဒီသင်တန်းတက် ရောက်ပြီးတဲ့ နောက်ပိုင်းမှာ ကျွန်မဟာ ကျောင်းသားတွေ အတွက် ထိရောက်ကောင်းမွန်တဲ့ သင်ခန်းစာများ သင်ပြမှု ဆိုင်ရာ စီမံခန့်ခွဲဇယားတစ်ခုကို ဘယ်လိုရေးဆွဲရမယ် ဆိုတာ ကို နားလည်လာခဲ့ပါတယ်။*




**အလယ်တန်းပြဆရာမ ဒေါ်အေးသန်းန**




Church of Sweden

ဤစီမံကိန်းကို ဥရောပသမဂ္ဂ(EU)မှထောက်ပံ့ရံပုံငွေမတည်ပေးပြီး Church of Sweden(Cos) မှပူးတွဲထောက်ပံ့သည်။ လူသရမ်ဝေါလ်ဖက်ဒရေးရှင်းမြန်မာ(LWF) မှအကောင်အထည်ဖော်ဆောင်ရွက်သည်။



ဤစာစောင်တွင်ဖော်ပြချက်များသည် ဥရောပသမဂ္ဂ၏ အာဘော်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။



ရခိုင်ပြည်နယ်၊စစ်တွေမြို့၊ဆင်ကူးလမ်းရပ်ကွက်၊အမှတ်(၆) အခြေခံပညာအလယ်တန်းကျောင်း၌ အဌမတန်းတွင် ဆရာမဒေါ်အေးသန်းန စာသင်ကြားနေပုံ

*အရင်တုန်းက ကျွန်မဆွဲခဲ့တဲ့ သင်ခန်းစာများသင်ပြမှုဆိုင်ရာ စီမံခန့်ခွဲမှုဇယားဟာ တိကျတဲ့ဦးတည်ချက်တွေ မရှိဘဲ ယေဘုယဆန်ဆန် ဖြစ်နေခဲ့ တာတွေကိုလည်း သိရှိလာရပါတယ်။ သင်ခန်းစာ စီမံခန့်ခွဲမှု ဇယားတစ်ခုကို ရေးဆွဲတဲ့ အခါမှာ ကျောင်းသားကျောင်းသူတွေရဲ့ နားလည်နိုင်စွမ်း အပေါ်မှာ အခြေခံပြီးတော့ပဲ ဆွဲသင့်ပါတယ်။*" ဟုရှင်းပြခဲ့ပါတယ်။ ဤသင်တန်း ပြီးဆုံးခဲ့ပြီးနောက် သူမအနေဖြင့် မူလကနဦးက လေ့လာ ဆည်းပူးထားခဲ့သော အတတ်ပညာ၊ ဗဟုသုတတို့သည် ထိရောက်ကောင်းမွန်သော သင်ကြားပြသရေး ပတ်ဝန်းကျင်တစ်ခု ဖန်တီးရန်ပင် လုံလောက်မှု မရှိသေးကြောင်း ခံစားမိလာခဲ့ပြီး ဤကဲ့သို့သော သင်တန်းမျိုးအား ယခင်ကတည်းကပင် တက်ရောက်ခဲ့ဖူးသင့်ကြောင်း၊ ယခုအချိန်တွင် သူမအနေဖြင့် သင်တန်းအား အလွန်အားရကျေနပ်မိပြီး၊ မြန်မာနိုင်ငံ၏ပညာရေးစနစ် ပြောင်းလဲလာမှုအပေါ် သဘောပေါက်လာခဲ့ပြီး ဖြစ်သည်။ သူမအနေဖြင့် ဤသင်တန်းအား တက်ရောက်ခွင့်ရရှိရန် အခွင့်အရေး ဖန်တီးပေးခဲ့သော LWF, EU နှင့် မြန်မာနိုင်ငံစာတတ်မြောက်ရေး အဖွဲ့(MLRC) အဖွဲ့အစည်းများအား ကျေးဇူးတင်လျက် ရှိပါသည်။



ထပ်မံ၍သိရှိလိုလျှင် ပြန်ကြားဆက်သွယ်ရေးနှင့်အစီရင်ခံအရာရှိ ဒေါ်မြရတနာခိုင်အား ဆက်သွယ်မေးမြန်းနိုင်ပါသည်။ .
ဆက်သွယ်ရန်လိပ်စာ စစ်တွေရုံး- အမှတ်၂၇၈၊ သစ္စာလမ်း၊ မြောက်စံပြ၊ ပြည်တော်သာရပ်ကွက်၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်။
စစ်တွေရုံး ဖုံးနံပါတ် - ၀၄၃-၂၂၉၂၄
Website - www.lwfmyanmar.org Facebook www.facebook.com/pages/LWF-Myanmar

Church of Sweden

ဤစီမံကိန်းကို ဥရောပသမဂ္ဂ(EU)မှထောက်ပံ့ရံပုံငွေမတည်ပေးပြီး Church of Sweden(Cos) မှပူးတွဲထောက်ပံ့သည်။ လူသရမ်ပေါလ်ဖက်ဒရေးရှင်းမြန်မာ(LWF) မှအကောင်အထည်ဖော်ဆောင်ရွက်သည်။

ဤစာစောင်တွင်ဖော်ပြချက်များသည် ဥရောပသမဂ္ဂ၏ အာဘော်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။